Indiana
PRE-ADMISSIONS
Your Path to College

ချစ်ခင်လေးစားရပါသော ( [INSERT STUDENT FIRST NAME]ကျောင်းသား/သူအမည်) ၏ မိဘ/အုပ်ထိန်းသူများ -
(INSERT HIGH SCHOOL/ကျောင်းအမည်) ၏၂၀၂၄ပညာသင်နှစ်တွင်တက်ရောက်နေသော သင်၏ (သား/သမီး/ကျောင်းသား/သူ) သည် ***Pre-Admissions: Your Path to College***တွင် ပါဝင်ရန် အရည်အချင်း ပြည့်မှီသည့် အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**လူကြီးမင်း၏သား/သမီးသည် အင်ဒီးယားနားပြည်နယ်အတွင်းရှိ တက္ကသိုလ်များထဲမှ တက္ကသိုလ် တစ်ခု သို့တက်ရောက်နိုင်မည်ဖြစ်ပါသည်။** Junior year တွင်ရရှိခဲ့သော GPA နှင့် SAT ရမှတ်များပေါ်မူတည်၍ အောက်ဖော်ပြပါ တက္ကသိုလ်များတွင် ကြိုတင်ဝင်ခွင့်ရရှိမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| [Anderson University] | [Ball State University] | [Bethel University] |
| [Calumet College of St. Joseph] | [Franklin College] | [Goshen College] |
| [Grace College] | [Hanover College] | [Holy Cross College] |
| [Huntington University] | [Indiana State University] | [Indiana Tech] |
| [Indiana University Columbus] | [Indiana University East] | [Indiana University Fort Wayne] |
| [Indiana University Indianapolis] | [Indiana University Kokomo] | [Indiana University Northwest] |
| [Indiana University South Bend] | [Indiana University Southeast] | [Indiana Wesleyan University] |
| [Ivy Tech Community College] | [Manchester University] | [Marian University – Ancilla College] |
| [Marian University – Indianapolis] | [Marian University – St. Joseph College] | [Martin University] |
| [Oakland City University] | [Purdue University Fort Wayne] | [Purdue University Northwest] |
| [Saint Mary-of-the-Woods College] | [Trine University] | [University of Evansville] |
| [University of Indianapolis] | [University of Saint Francis] | [University of Southern Indiana] |
| [Valparaiso University] | [Vincennes University] | |

လာမည့်ဆောင်းဦးတွင်ဖွင့်လှစ်မည့် အတန်းများတွင်နေရာတစ်နေရာရရှိနိုင်ရန်အတွက် လုပ်ဆောင် ချက်အနည်းငယ်ကိုလုပ်ဆောင်ရမည်ဖြစ်ပါသည်။ ကာလတို certificate သင်တန်း မှ လေးနှစ်တာတက်ရောက်ရမည့် Bachelor’s degree အထိ နှစ်သက်ရာကိုရွေးချယ်စာရင်းသွင်းနိုင်ပါ သည်။

**<u>လုပ်ဆောင်ရမည့်အချက်များ -</u>**

၁။ ကောလိပ်တက်ရောက်နိုင်ရန်အတွက် LearnMoreIndiana.org/preadmit ဝက်ဘ်ဆိုက်တွင် မိမိရွေးချယ်နိုင်သမျှအားလုံးကို**ရှာဖွေလေ့လာပါ**။

၂။ အထက်တွင်ဖော်ပြထားသော ကောလိပ်များထဲမှ တစ်ခုခုတွင်ဝင်ခွင့်ရရှိရန်အတွက် **လျှောက်လွှာ တင်သွင်းပါ**။ သတိပြုရမည်မှာ ဝင်ခွင့်ရရှိရန်အတွက်Institution တစ်ခုချင်းစီတွင် အခြေအနေအမျိုး မျိုးရှိနိုင်ပါသည်။ကောလိပ်တစ်ခုချင်းစီ၏ဝင်ခွင့်လျှောက်လွှာနှင့် အခြားသောအသေးစိပ်အချက် အလက်များကို QR code ကို scanဖတ်၍သော်လည်းကောင်း၊ အထက်တွင်ဖော်ပြထားသော link တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ **မိမိစိတ်ဝင်စားသော အင်ဒီးယားနားရှိ အခြားကောလိပ်များတွင်လည်း ဝင်ခွင့်လျှောက်လွှာတင် သွင်းပါ။** QR code ကို scanဖတ်၍သော်လည်းကောင်း၊ link တွင်ဝင်ရောက်၍သော်လည်းကောင်း လျှောက်လွှာ link ကိုဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ Federal Student Aid (FAFSA) အတွက် အခမဲ့လျှောက်လွှာတင်သွင်းနိုင်ရန်ပြင်ဆင်နေစဥ် **FSA ID ကိုဖန်တီးပါ**။အင်ဒီးယားနားပြည်နယ်တွင် ပြည်နယ်ငွေကြေးဆိုင်ရာအကူအညီ ဒေါ်လာ သန်း(၄၀၀) ကျော်ရှိပြီး ဖက်ဒရယ်အစိုးရနှင့် ကျောင်းဝန်း သီးသန့်အကူအညီများလည်းရှိပါသည်။ ထပ်မံသိရှိလို သောအချက်အလက်များရှိပါက နောက်စာမျက်နှာတွင်ဆက်လက်ဖတ်ရှုပါ။

၅။ ဒီဇင်ဘာလတွင် FAFSA တင်ရန်အတွက် **ပြက္ခဒိန်တွင် အမှတ်အသားလုပ်ထားပါ**။ LearnMoreIndiana.org/FAFSA တွင်လည်း “ I need help filing” နှိပ်၍ သင့်ကို သတိပေးရန်စာရင်းသွင်းထားနိုင်ပါသည်။

သင့်ကျောင်းသား/သူ၏ကြိုးစားအားထုတ်မှုသည် ၄င်းတို့အထက်တန်းပြီးဆုံးပြီးနောက် ကောင်းမွန်သော ရွေးချယ်မှုများကို ပိုင်ဆိုင်ရန်နှင့် တောက်ပသောအနာဂတ်ဆီသို့ ခေါ်ဆောင်ပေးသွားပါမည်။

Chris Lowery
*Commissioner, Indiana Commission for Higher Education*
PreAdmissions@che.in.gov

INDIANA COMMISSION for HIGHER EDUCATION

Independent COLLEGES OF INDIANA

# FAFSA
# ကိုဘယ်လိုတင်ရမလဲ။

**FAFSA ဆိုတာဘာလဲ**

Federal Student Aid (FAFSA) အတွက်အခမဲ့လျှောက်လွှာသည် ကျောင်းသားများကောလိပ်တက်ရန် ပေးဆောင်ရသည့် ကျောင်းလခအတွက်အကူအညီရရှိနိုင်သည့်အရေးအကြီးဆုံး ငွေကြေးအထောက် အပံ့တစ်ခုဖြစ်ပါသည်။ ထိုအထောက်အပံ့ကို ထောက်ပံ့ကြေးများအဖြစ်လည်းကောင်း ပညာသင်ဆု များ နှင့် ချေးငွေပုံစံများ အနေဖြင့်ရရှိနိုင်ပါသည်။

**၂၀၂၄ ဆောင်းဦးတွင် ကောလိပ်အတွက်စာရင်းပေးရန်အတွက် သင်သည် ၂၀၂၄-၂၀၂၅ FAFSA ကိုတင်သွင်းရမည်ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ဒီဇင်ဘာလ**တွင် စတင်လျှောက်ထားနိုင်ပြီး အင်ဒီးနားယားပြည်နယ်၏ငွေကြေးအထောက်အပံ့အတွက်အရည်အချင်းပြည့်မီနိုင်ရန် **ဧပြီလ ၁၅ ရက်** ၂၀၂၅ ခုနှစ်နောက်ဆုံးထားပြီးလျှောက်ထားနိုင်ပါသည်။

FAFSA လျှောက်ထားရမည့်အချိန်တွင် သင်သည် **Federal Student Aid ID (FSA ID**) ကိုပြုလုပ်ရမည်ဖြစ်ပါသည်။

**(FSA ID)ကိုပြုလုပ်ရန်လိုအပ်သောအချက်များ**

၁။ သင်၏ Social Security နံပါတ်
၂။ သင်၏နာမည်အပြည့်အစုံ
၃။ သင်၏မွေးသက္ကရာဇ်
၄။ သင်၏နေရပ်လိပ်စာ
၅။ သင်၏ကိုယ်ပိုင်အီးမေးလ် (အလုပ်အတွက်သုံးသောအီးမေးလ်မဖြစ်ရပါ။)
၆။ မှတ်မိလွယ်သော username နှင့် password

**FAFSA တင်သွင်းရန်အတွက်လိုအပ်သောအချက်များ**

၁။ သင်၏ FAFSA ID username နှင့် password
၂။ သင်၏ Social Security နံပါတ်
၃။ သင်၏ယာဉ်မောင်းလိုင်စင်နံပါတ် (ရှိခဲ့လျှင်)
၄။ သင်၏နောက်ဆုံးပေးဆောင်ထားသော ဖက်ဒရယ်အခွန်၊ ဖြစ်နိုင်ပါက (IRS forms 1040,1040EZ သို့မဟုတ် 1040A)
၅။ သင့်မိဘ၏နောက်ဆုံးပေးဆောင်ထားသော ဖက်ဒရယ်အခွန်၊ ဖြစ်နိုင်ပါက (IRS forms 1040,1040EZ သို့မဟုတ် 1040A)
၆။ W-2 form အပါအဝင် ဝင်ငွေမှတ်တမ်းများ နှင့် နောက်ဆုံးလ bank statement
၇။ သင် သို့မဟုတ် သင့်မိဘသည် U.S. citizen မဟုတ်ပါက A နံပါပတ် သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်ကတ် (Greencard)
၈။ သင်လျှောက်ထားသည့် ကောလိပ်များအတွက် ဂဏန်း ၆ လုံးပါ FASFA code နံပါတ်များ သင်၏ FAFSA အချက်အလက်များကို ကောလိပ်များသို့ပေးပို့ရန်အတွက် ထို code နံပါတ်များကိုအသုံးပြုရပါမည်။ တစ်ကြိမ်လျှင် ကောလိပ် (၂၀) အထိ ထည့်သွင်းနိုင်ပါသည်။ **LearnMoreIndiana.org/preadmit** တွင် FASFA code များကိုရှာဖွေနိုင်ပါသည်။( ယခုစာ၏ အရှေ့စာမျက်နှာတွင်ပါရှိသော QR code ကို scan ဖတ်၍လည်းရှာဖွေနိုင်ပါသည်။)

**FAFSA ကိုဘယ်လိုလျှောက်ထားနိုင်ပါသလဲ**

**https://studentaid.gov/** ဝက်ဘ်ဆိုက်သို့သွား၍ online မှလျှောက်ထားခြင်းသည်အလွယ်ဆုံး ဖြစ်ပါသည်။ အကယ်၍ သင်၏ FAFSA form ကို စာတိုက်မှပေးပို့လိုပါက သို့မဟုတ် မိဘ/အုပ်ထိန်းသူ မှလက်မှတ်ထိုးရန်လိုအပ်ပါကလည်း ဝက်ဘ်ဆိုဒ်တွင် PDF form ကိုထုတ်ယူနိုင်ရန်ပံ့ပိုးပေးထား ပါသည်။

တစ်နှစ်အတွင်း FASFA နှစ်ခုကိုတစ်ပြိုင်တည်းဖွင့်ထားသည့်အတွက် သင်သည် 2024-25 FAFSA ကို သေချာရွေးချယ်လျှောက်ထားရန်လိုအပ်ပါသည်။

FAFSA နှင့် FSA ID အကြောင်းကို ပိုမိုသိရှိလိုပါက **LearnMoreIndiana.org/FAFSA** တွင်သွားရောက် လေ့လာနိုင်ပါသည်။ ထို့အပြင် **LearnMoreIndiana.org/scholarships** တွင်လည်း ပညာသင်ဆုနှင့် ပတ်သက်သည့် အခွင့်အလမ်းများအကြောင်းကိုလေ့လာနိုင်ပါသည်။